(ပုံစံ - ၁၁)

ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{နည်းဥပဒေ ၂၃(စ)}

ခုံအဖွဲ့

၂၀၁၄ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၃/၂၀၁၄)

| | |
|---|---|
| အလုပ်သမားမောင်ဦးခင်ပါ(၁၀)ဦး၊<br>(သံကွေးအလုပ်သမားများ)၊<br>မြောင်းတကာစက်မှုဇုန်၊မှော်ဘီမြို့နယ်။ | လျှောက်ထားသူများ |

နှင့်

| | |
|---|---|
| ဒေါ်စိန်ရီ(ပိုင်ရှင်)<br>(Giant)ရောမသံရည်ကျိုစက်ရုံ၊<br>အမှတ်(၂၀/၂၁)၊မြောင်းတကာစက်မှုဇုန်၊<br>မှော်ဘီမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အမှတ်(၂၀/၂၁)၊ မြောင်းတကာစက်မှုဇုန်ရှိ (Giant) ရောမသံရည်ကျိုစက်ရုံ၊ ပိုင်ရှင်ဒေါ်စိန်ရီနှင့် သံကွေးအလုပ်သမားများဖြစ်ကြသော မောင်ဦးခင်ပါ (၁၀)ဦးတို့အကြားဖြစ်ပွားသည့် အငြင်းပွားမှုကို မှော်ဘီမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဖျန် ဖြေပေးခဲ့သော်လည်း ပြေလည်မှုမရရှိခဲ့သည့်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ လွှဲအပ်ခဲ့သည်။

၂၈.၁.၂၀၁၄ ၂၈.၁.၂၀၁၄

၂။ အဆိုပါအငြင်းပွားမှုကို ရန်ကုန်တိုင်းဒေသကြီး၊ခုံသမာဓိအဖွဲ့က အမှုအမှတ်(၁၀၀/၂၀၁၃) အဖြစ် ကြားနာစစ်ဆေးပြီး(၃၁.၁၂.၂၀၁၃)ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့ရာ အလုပ်သမားများဘက်မှ ဆုံးဖြတ်ချက်ကို မကျေနပ်ဟုဆိုကာ ခုံသမာဓိကောင်စီသို့ ဆက်လက်တင်ပြလျှောက်ထားခဲ့ကြသည့် အတွက် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ကအမှုအမှတ်(၃/၂၀၁၄)အဖြစ် စစ်ဆေးဆုံးဖြတ်ခဲ့ခြင်းဖြစ် ပေသည်။

၃။ ဤခုံအဖွဲ့သည် အငြင်းပွားမှုအကြောင်းခြင်းရာနှင့် ဖြစ်စဥ်ကိုအသေးစိတ် စိစစ်လေ့လာခဲ့ သည့်အပြင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ မှတ်တမ်းများ၊ ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့ ရှေ့မှောက်၌ နှစ်ဖက်ထွက်ဆိုပြောကြားချက်များ စသည်တို့အပေါ်တွင် ချင့်ချိန်စဥ်းစား သုံးသပ်ပြီး နောက်အောက်ပါ ကောက်ချက်ကိုရေးဆွဲခဲ့သည်-

ကောက်ချက်။ ။Giant (ဇရာမ)သံရည်ကျိုစက်ရုံပိုင်ရှင် ဒေါ်စိန်ရီက မောင်ဦးခင် ပါအလုပ်သမား (၁၀)ဦးအတွက် နစ်နာကြေးပေးရန် တာဝန်ရှိ/ မရှိ။

၄။ အထက်ပါကောက်ချက်နှင့် စပ်လျဥ်းပြီးစဥ်းစားဆုံးဖြတ်ရာ၌ ခုံအဖွဲ့လက်ဝယ်၌ရရှိထား သည့်အချက်အလက်များအပြင် အထောက်အကူဖြစ်စေမည့် အခြားအချက်အလက်များရရှိနိုင် သည့်အတွက် နှစ်ဖက်အငြင်းပွားသူများကို(၂၈.၁.၂၀၁၄)ရက်နေ့တွင် ခုံအဖွဲ့ရှေ့မှောက်သို့ ခေါ်ယူ စစ်ဆေးမေးမြန်းပြီး ထွက်ဆိုချက်အချို့ ရယူခဲ့သည်။

<u>လေ့လာတွေ့ရှိချက်</u>

၅။ လျှောက်ထားသူအလုပ်သမားများသည် သံကျွေးအလုပ်သမားများဖြစ်ပြီး တန်စား/ပုတ်ပြတ် နှုန်းဖြင့် နှစ်ဖက်သဘောတူခန့်ထားခြင်းဖြစ်ပေသည်။ အလုပ်သမားမောင်ဦးခင်သည် (၁၅.၁၁. ၂၀၁၂)ရက်နေ့တွင် အစမ်းစတင်ခန့်ထားခံရကြောင်းတွေ့ရှိရသည်။ အလုပ်သမားမောင်ညီညီထွန်း မှာလည်း အလားတူထိုနေ့ရက်၌ပင် ခန့်ထားခြင်းဖြစ်ကြောင်းတွေ့ရှိရသည်။ ၄င်းတို့နှစ်ဦးမှအပ အခြားအလုပ်သမား(၈)ဦးတို့ကို စတင်ခန့်ထားသည့် မှတ်တမ်းအထောက်အထားများ တင်ပြခြင်း မရှိဘဲ နှုတ်ဖြင့်သာခန့်မှန်းလုပ်သက်များကို တင်ပြနိုင်ခဲ့ကြသည်။

၆။ အလုပ်သမားမောင်ဦးခင်ပါ အလုပ်သမား(၁၀)ဦးတို့၏အဆိုအရ အလုပ်ရှင်/ပိုင်ရှင်သည် အခြားအလုပ်သမားများအား လုပ်ခနှုန်းထားတိုးပေးခဲ့သော်လည်း ၄င်းတို့သံကျွေးအလုပ်သမားများ ကိုတိုးပေးခဲ့ခြင်းမရှိ၍ အများနည်းတူ တိုးပေးရန်တောင်းဆိုခဲ့ကြောင်း တွေ့ရှိရသည်။ အလုပ်ရှင် ဘက်မှပြောကြားရာတွင်၊ သံကျွေးအလုပ်သမားများသည် ၎င်းတို့တာဝန်ရှိသည့် အလုပ်ကိုပြီးစီး အောင်လုပ်ကိုင်ကြခြင်းမရှိ၍၊ မပေးခြင်းဖြစ်သည်ဟုရှင်းပြခဲ့သည်ကိုတွေ့ရှိရသည်။

၇။ ထိုအချက်နှင့်စပ်လျဥ်း၍ အလုပ်သမားများက မိမိတို့သံကျွေးအလုပ်သမားများမှာ၊ အပူချိန် မြင့်မားသည့် သံချောင်းများကို အေးမသွားခင်အချိန်မီ ကျွေးပေးရသည့်အလုပ်ကို လုပ်ကြရသည့် အတွက်ခက်ခဲပင်ပန်းသည့် အလုပ်ဖြစ်သည့်အပြင် အန္တရာယ်ရှိသည့်အလုပ်လည်းဖြစ်ကြောင်း၊ လို အပ်သည့်အကာအကွယ် ပစ္စည်းမရှိကြောင်း၊ ပုတ်ပြတ်/တန်စားအလုပ်ဖြစ်၍ လုပ်နိုင်သလောက်

၂၈.၁.၁၄ 28.1.2014

လုပ်ခရမည်ဖြစ်သော်လည်း မိမိတို့မှာအပင်ပန်းမခံနိုင်၍ အလုပ်သိမ်းချိန်တွင် မပြီးပြတ်သည့် အလုပ်ကျန်ရှိနေရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်များရှိခဲ့ပါသည်။

၈။ မောင်ဦးခင်(ပါ) အလုပ်သမား(၁၀)ဦးတို့သည် ပိုင်ရှင်ဖြစ်သူက လုပ်ခနှုန်းထားတိုးမပေးသည့်အတွက်ဟုဆိုကာ ၎င်းတို့အားလုံးစက်ရုံဝင်း အတွင်း၌ပင်ရှိနေသော်လည်း (၁၈-၁၀-၂၀၁၃) ရက်နေ့မှစ၍ အလုပ်မဆင်းဘဲနေခဲ့ကြသည်။ အလုပ်ရှင်ကလူလွှတ်၍ အလုပ်ဆင်းရန်လာခေါ်သော်လည်း အလုပ်သမားများက လုပ်ခနှုန်းတိုးပေးမှ အလုပ်ဆင်းမည်ဟု ပြန်ပြောခဲ့ကြသည်ဟုသိရှိရသည်။ပိုင်ရှင်နှင့်အလုပ်သမားများ အကြားလိပ်ခဲတည်းလည်း ဖြစ်နေကြသည်။ ထိုစဉ်(၂၅.၁၀.၂၀၁၃)ရက်နေ့တွင် အလုပ်သမားများက မှော်ဘီမြို့နယ်၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားစာပေးပို့သည်ကို ပိုင်ရှင်ဖက်က သိရှိသွားသည့်အတွက် ထိုနေ့တွင်ပင်အဆိုပါ အလုပ်သမားများကို အလုပ်မှချက်ချင်း ထုတ်ပယ်ခဲ့ကြောင်းတွေ့ရှိရသည်။

<u>သုံးသပ်ချက်</u>

၉။ အလုပ်သမားများသည် မိမိတို့၏လိုလားချက်ကို အလုပ်ရှင်ထံတင်ပြတောင်းဆိုရာ၌ လုပ်ငန်းခွင်မပျက်စိတ်ရှည်ရှည်ထား၍တောင်းဆိုသင့်ပေသည်။မိမိတို့တောင်းဆိုချက်ကို ချက်ချင်းခွင့်ပြုပေးမှသာလုပ်ငန်းခွင်သို့ ဝင်ရောက်မည်ဆိုခြင်းမျိုးမဖြစ်သင့်ပေ။ မိမိလိုလားချက် တောင်းဆိုနေစဉ်အတွင်း လုပ်ငန်းခွင်မပျက် မိမိတာဝန်များကို ဆောင်ရွက်မြဲဆောင်ရွက်သင့်သည်သာ ဖြစ်ပေသည်။

၁၀။ အလုပ်သမားများ စက်ရုံဝင်းအတွင်း၌ရှိနေပြီး အလုပ်ခွင်သို့ဝင်ရောက်ခြင်းမပြုဘဲ အလုပ်ရှင်၏အဖြေကို စောင့်ဆိုင်းနေကြစဉ် အလုပ်ရှင်/ပိုင်ရှင်ဘက်မှ အလုပ်သမားများအား အလုပ်ဆင်းရန်သွားရောက်ခေါ်ယူခဲ့သည်။ အလုပ်သမားများက လုပ်ခနှုန်းထားတိုးပေးမှ အလုပ်ဆင်းမည်ဖြစ်ကြောင်းပြန်လည် ပြောကြားခဲ့သည်ဟုဆိုသော်လည်း အလုပ်ရှင်က စီမံခန့်ခွဲရေးနည်းလမ်းအရ အလုပ်သမားများကို တစ်စုံတစ်ရာ ကြိုတင်သတိပေး လုပ်ဆောင်ခြင်းမျိုးမရှိခဲ့ပေ။

၁၁။ ၂၅.၁၀.၂၀၁၃ ရက်နေ့တွင်အလုပ်သမားများက မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့သို့သွားရောက်တိုင်ကြားသည်ဟု သိရှိရသောအချိန်တွင်မှ အလုပ်သမားများအား ရုတ်တရက်အလုပ်မှထုတ်ပယ်ခဲ့ကြောင်းတွေ့ရှိရသည်။ ဆွေးနွေးညှိနှိုင်းဆဲကာလအတွင်း အလုပ်မှရုတ်တရက်ထုတ်ပယ်ခြင်းမှာ မှန်ကန်မျှတမှုမရှိပေ။

<u>ဆုံးဖြတ်ချက်</u>

၁၂။ ခုံသမာဓိကောင်စီ ခုံအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အမှုအမှတ်(၁၀၀/၂၀၁၃)နှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်ကိုပယ်ဖျက်သည်။ ဤခုံအဖွဲ့သည် နှစ်ဖက်မျှတမှုကိုချင့်ချိန်စဉ်းစားလျှက် သက်ဆွေးအလုပ်သမား မောင်ဦးခင်ပါအလုပ်သမား(၁၀)ဦးတို့အား (၂၀၁၃ခုနှစ်၊ ဇွန်လမှ ၂၀၁၃ခုနှစ် နိုဝင်ဘာလအထိ) ယခင် ၆လအတွက် ပျမ်းမျှလုပ်ခဖြင့် နို့တစ်ကြေး(၁)လစာကိုပိုင်ရှင်ဖြစ်သူက ပေးရန်ဆုံးဖြတ်သည်။ အလုပ်ရှင်ဘက်မှ တင်ပြထားသည့်စာရင်းအရ ယခင် ၆လတာရရှိခဲ့သည့် အလုပ်သမား(၁)ဦး၏ ပျမ်းမျှလုပ်ခမှာ တစ်လလျှင်ကျပ်(၆၉၁၇၈/-)(ကျပ်ခြောက်သောင်း ကိုးထောင်တစ်ရာခုနှစ်ဆယ်ရှစ်တိတိ/-)ဖြစ်ကြောင်းတွေ့ရှိရသည်။

[signature] ၂၈.၁၀.၂၀၁၄ [signature] [signature] ၂၈.၁၀.၂၀၁၄

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့် ဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၃။ အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ ရက်ပေါင်း(၃၀) အတွင်းပေးရမည်။ အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ၊ ပုဒ်မ(၂၉) အရ အဆိုပါငွေကိုမြေခွန်မပြေ၊ ကျန်ငွေကဲ့သို့အရ ကောက်ခံရမည်။

| | | |
|---|---|---|
| ဦးမောင်မောင်ဝင်း | ဦးအေးငွေ | ဒေါ်စန်းစန်းဦး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |